MPT Club "Discount ဝယ်ဆာ ဇွတ်ခိုင်သာ" ပရိုမိုးရှင်းအစီအစဉ်အတွက် စည်းကမ်းချက်များ

MPT Club "Discount ဝယ်ဆာ ဇွတ်ခိုင်သာ" ပရိုမိုးရှင်းအစီအစဉ် ("**ပရိုမိုးရှင်းအစီအစဉ်**") တွင် ပါဝင်ဆောင် ရွက်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ယခုစာချက်နှာတွင် ရှင်းလင်းဖော်ပြထားပါသည်။ ဤပရိုမိုးရှင်း အစီအစဉ်ကို အောက်တွင် ဖော်ပြထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ("**MPT**", "**ကျွန်ုပ်တို့မှ**" ၊ "**ကျွန်ုပ်တို့ကို**" ၊ "**ကျွန်ုပ်တို့၏**") မှ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများမှတဆင့် ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဤပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင်ခြင်းအားဖြင့် ဤစည်းကမ်းချက်များနှင့်တကွ သက်ဆိုင်ရာစည်းမျဉ်းများ၊ မူဝါဒ များနှင့် ဆက်နွယ်လျက်ရှိသည့်စည်းကမ်းချက်များ (စုပေါင်း၍ "**စည်းကမ်းချက်များ**") အား လူကြီးမင်းအနေဖြင့် ဖတ်ရှုနားလည် သဘောတူလက်ခံပြီးဖြစ်ကြောင်း ဖော်ညွှန်းသက်ရောက်စေမည်ဖြစ်ပါသည်။

ဤစည်းကမ်းချက်များအားအချိန်မရွေးပြင်ဆင်သွားမည်ဖြစ်ပါသည်။စည်းကမ်းချက်များအား ပြင်ဆင်ပြီးနောက် လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်းအစီအစဉ်တွင် ဆက်လက်ပါဝင်ဆောင်ရွက်ခြင်းသည် ပြင်ဆင်ပြီးဖြစ်သည့် စည်းကမ်းချက်များအား လက်ခံလိုက်နာခြင်းအဖြစ် အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။

၁။ ပရိုမိုးရှင်းအစီအစဉ်

၁.၁။ ဤစည်းကမ်းချက်များတွင် လူကြီးမင်းအား အတိအလင်း ပေးအပ်ထားခြင်းမရှိသည့် အခွင့်အရေးများ အားလုံးကို ကျွန်ုပ်တို့ (သို့မဟုတ်) ကျွန်ုပ်တို့ လိုင်စင်ရသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့် အရေးရရှိထားသူများ (သို့မဟုတ်) အခြားသောဝန်ဆောင်မှုပေးသူများမှ သီးသန့်ထိန်းသိမ်းထားရှိပါသည်။ လူကြီးမင်းအနေဖြင့် ဤစည်းကမ်းချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသည့် အတိုင်းအတာအထိ သာလျှင် ဤပရိုမိုးရှင်းအစီအစဉ်၌ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားသောအသုံးပြုမှုများအားလုံးကို အတိအလင်း တားမြစ်ထားမည်ဖြစ်ပါသည်။

၁.၂။ MPT အနေဖြင့် ဤပရိုမိုးရှင်းအစီအစဉ်၌ လူကြီးမင်း၏ ပါဝင်ဆောင်ရွက်ခြင်း (သို့မဟုတ်) ဝင်ရောက် အသုံးပြုခြင်းအား ခွင့်ပြုပေးရန် အမြဲတစေ (သို့မဟုတ်) ခေတ္တယာယီ သဘောမျိုးဖြင့် ရပ်ဆိုင်းခြင်း (သို့မဟုတ်) ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ငြင်းဆန်ခြင်းတို့အား MPT ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စာဖြင့်ရေးသား အသိပေး အကြောင်းကြားခြင်းမရှိဘဲနှင့်သော်လည်းကောင်း၊ အကြောင်းပြချက်တစ်စုံတစ်ရာပေးရန် တာဝန်မရှိဘဲနှင့်သော် လည်းကောင်း ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် လူကြီးမင်းသည် ဤပရိုမိုးရှင်း အစီအစဉ်တွင်ပါရှိသော ကျန်ရှိသည့်စည်းကမ်းများအား လိုက်နာရန်လိုအပ်သည့် အတိုင်းအတာအထိ ဤ စည်းကမ်းချက်များနှင့် ဆက်လက်အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။

၁.၃။ ဤပရိုမိုးရှင်းအစီအစဉ်၌ လူကြီးမင်း၏ ပါဝင်ဆောင်ရွက်ခြင်းသည် အစီအစဉ်တကျဖြစ်သည့်/ အစီအစဉ် တကျမဖြစ်သည့် ဝန်ဆောင်မှုကြားဖြတ်ဆောင်ရွက်ခြင်းတို့နှင့် ကြုံတွေ့နိုင်ရဖွယ်ရှိပါသည်။ဤပရိုမိုးရှင်းနှင့် စပ်လျဉ်း၍ အစီအစဉ်တကျဖြစ်သည့် (သို့မဟုတ်) အစီအစဉ်တကျမဟုတ်သည့် ကြားဖြတ်နှောင့်ယှက်ခြင်း၊ လိုင်းကျခြင်း (သို့မဟုတ်) ဝင်ရောက်၍မရခြင်းတို့ဖြစ်ပေါ်ခဲ့ပါက အဆိုပါ ဖြစ်စဉ်တို့နှင့်စပ်လျဉ်းပြီး လူကြီမင်း

အပေါ်တွင်သော်လည်းကောင်း၊ အခြားသောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တွင်သော်လည်းကောင်း MPT အနေဖြင့် တာဝန်တစ်စုံတစ်ရာတင်ရှိမည်မဟုတ်သည်ကို လူကြီးမင်းအနေဖြင့် သဘောတူလက်ခံရမည် ဖြစ်ပါသည်။

၁.၄။ ဤပရိုမိုးရှင်းအစီအစဉ်အား လူကြီးမင်းမှ အသုံးပြုမှု (သို့မဟုတ်) အလွဲသုံးစားပြုမှု၊ အခြားအသုံးပြုသူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ (သို့မဟုတ်) ဤပရိုမိုးရှင်းအစီအစဉ်နှင့်စပ်လျဉ်းသည့် လူကြီးမင်း၏ အခြားသော ပြုလုပ်မှုများ (သို့မဟုတ်) ပျက်ကွက်မှုများအတွက် MPT တွင် မည်သည့်တာဝန်မျှရှိမည်မဟုတ်ပါ။

၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အခွင့်အရေးများ

အခြားသောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးမှ အခြားနည်းအားဖြင့် သင့်လျော်စွာဆောင်ရွက်သည့်အခါမှတပါး ဤပရိုမိုးရှင်းအစီအစဉ်နှင့်သက်ဆိုင်သော ဆော့ဝဲလ်၊ ပုံစံ၊ စာသား၊ ဂရပ်ဖစ်၊ သာဓကများ၊ တံဆိပ်များ၊ တီထွင်မှုမူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှုအမှတ် အသားများ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံဖိုင်၊ ဗွီဒီယိုများ၊ သီချင်းနှင့် ပါဝင်သည့်အကြောင်းအရာ (စုပေါင်း၍ "**ပါဝင်သည့်အရာ**") အပါအဝင် MPT ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အရာများအားလုံးနှင့် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများအားလုံးတို့သည် MPT နှင့် MPT ၏ လိုင်စင်ရသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့်အရေးရရှိထားသူများ (သို့မဟုတ်) အခြားသော ဝန်ဆောင်မှုပေးသူများ၏ သီးသန့်ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ပါသည်။ ဤစည်းကမ်းချက်များတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပါက စည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အဆိုပါအသိဉာဏ်ပစ္စည်းဆိုင်ရာ ပိုင်ဆိုင်မှုအခွင့်အရေးများနှင့်စပ်လျဉ်း၍ လိုင်စင်ချပေးခြင်း (သို့မဟုတ်) အခွင့်အရေးတစ်ခုခုဖန်တီးပေးခြင်းရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။ လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်းအစီအစဉ်တွင် အသုံးပြု၍ရနိုင်သည့် အရာများ (သို့မဟုတ်) ပါဝင်သည့်အရာ တို့အား ရောင်းချခြင်း၊ လိုင်စင်ပေးခြင်း၊ ဌားရမ်းခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ မိတ္တူကူးယူခြင်း၊ ပြန်လည်ပွားယူခြင်း၊ ဆင့်ပွားထုတ်လုပ်ခြင်း၊ တဆင့်ထုတ်လွှင့်ခြင်း၊ အများရှေ့တွင် ပြသခြင်း၊ အများရှေ့တွင် တင်ဆက်ခြင်း၊ ထုတ်ဝေခြင်း၊ ပုံတူကူးခြင်း၊ ပြုပြင်ခြင်း (သို့မဟုတ်) တဆင့်ကူးယူဖန်တီးခြင်းစသည်တို့အား မပြုလုပ်ရန် သဘောတူညီရမည်ဖြစ်ပါသည်။ ဤစည်းကမ်းချက်များအရ အတိအလင်းခွင့်ပြုထားခြင်းမရှိသည့် အခြားရည်ရွယ်ချက်များအတွက် ပါဝင်သည့် အရာအား အသုံးပြုခြင်းကို တင်းကြပ်စွာတားမြစ်ထားပါသည်။

၃။ ပရိုမိုးရှင်းအစီအစဉ် သက်တမ်းကာလ

၃.၁။ ဤပရိုမိုးရှင်းအစီအစဉ်အား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့ မှ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့ ("**ပရိုမိုးရှင်းအစီအစဉ်သက်တမ်းကာလ**") အထိ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ ပါဝင်နိုင်မည့်သူများ

၄.၁။ MPT Club ပို့ဂြိုဟ် အနည်းဆုံး (9) ပို့ဂြိုဟ်ရှိသည့် MPT Club အဖွဲ့ဝင်များအားလုံးအနေဖြင့် ဤပရိုမိုးရှင်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။

၅။ ဘယ်လိုပါဝင်ဆောင်ရွက်နိုင်မလဲ

၅.၁။ ဤပရိုမိုးရှင်းအစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် ပါဝင်လုပ်ဆောင်လိုသူများအနေဖြင့် အောက်ပါလိုအပ်ချက်များနှင့်ပြည့်စုံရန် လိုအပ်ပါသည်။

၅.၁.၁။ MPT Club ပို့ဂြိုဟ် အနည်းဆုံး (၉) ပို့ဂြိုဟ်ရှိသည့် MPT Club အဖွဲ့ဝင်တစ်ဦးဖြစ်ရမည်။

၅.၁.၂။ MPT4U App အား အသုံးပြု၍ ယခုပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင်သော MPT Club ၏ မိတ်ဖက်ဆိုင်များ (“MPT Club မိတ်ဖက်ဆိုင်များ”) ထံမှ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှု တစ်ခုခုကို ရယူနိုင်ရန်အတွက် MPT Club (၉) ပို့ဂြိုဟ် ဖြင့် လဲလှယ်ခုန့်မ်မှုပြုလုပ်ရမည်။

၅.၁.၃။ အထက်ပါကဲ့သို့ လဲလှယ်ခုန့်မ်ယူလိုက်သည်နှင့်တစ်ပြိုက် MPT Club မိတ်ဖက်ဆိုင်တစ်ဆိုင် ဆိုင်ထံမှ သက်ဆိုင်ရာကုန်ပစ္စည်းတစ်ခုခု(သို့မဟုတ်)ဝန်ဆောင်မှုတစ်ခုခုအတွက်လဲလှယ်အောင်မြင်ကြောင်း အကြောင်းကြားစာလက်ခံရရှိမှု စာတိုပြေစာ (“စာတိုပြေစာ”) အားလက်ခံ ရရှိမည်ဖြစ်သည်။

၅.၁.၄။ ပါဝင်ဆောင်ရွက်သူများသည် MPT Club မိတ်ဖက်ဆိုင်များမှ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှု တစ်ခုခုကို လက်ခံရရှိသည့်စာတိုပြေစာအားပြသ၍ သတ်မှတ်ထားသည့် လျှော့ဈေးနှုန်းထားဖြင့် ရယူခံစားနိုင်မည်ဖြစ်သည်။

၆။ အကျိုးခံစားခွင့်များ

၆.၁။ အပိုဒ် (၅) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အောက်ဖော်ပြပါ MPT Club မိတ်ဖက်ဆိုင်များထံမှ ထောက်ပံ့ပေးသည့် သက်ဆိုင်ရာကုန်ပစ္စည်းတစ်ခုခု (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုအား သတ်မှတ်ထားသည့် လျှော့ဈေးနှုန်းထားဖြင့် ရရှိခံစားနိုင်မည်ဖြစ်သည်။

ပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင်သော MPT Club မိတ်ဖက်ဆိုင်များ

စဉ်	မိတ်ဖက်ဆိုင်များ	သတ်မှတ်လျှော့ဈေးနှုန်းထားများ	ပရိုမိုးရှင်းရယူနိုင်မည့် ဆိုင်လိပ်စာများ	မှတ်ချက်
1	Cheese O'Tea	ဝယ်ယူစားသုံးသူများအတွက် ၁၀% Discount ခံစားနိုင်ပါသည် (All Menu Item အားလုံး)	ဆိုင်ခွဲ(၁) - အမှတ် ၉/A၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ဒဂုံ (၁) ကျောင်းရှေ့ ဆိုင်ခွဲ (၂) - City Mall (St. John)၊ ၃ ထပ်၊ Wall Street English ဘေး ဆိုင်ခွဲ (၃) - Myanmar Plaza၊ ၃ ထပ် (YKKO ရှေ့) ဆိုင်ခွဲ (၄) - Junction City၊ ၄ ထပ်၊ Sony Showroom အနီး ဖုန်း - 09880242489 ဆိုင်ခွဲ((၅) - Junction Square၊ ၂ ထပ် (Square Corner ဧရိယာ) ဖုန်း - 09660066966 ဆိုင်ခွဲ((၆) - M Tower Bloom၊ မြေညီထပ်၊ ပြည်လမ်း၊ လှည်းတန်း ဖုန်း - 09403100329	**ဤပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင် ဆောင်ရွက်သူများ အနေဖြင့် MPT Club မိတ်ဖက်ဆိုင်များတွင် လတ်တလော ပေးလျက် ရှိသည့် အခြားသော ပရိုမိုးရှင်း တစ်ခုခုကို ထပ်မံ၍ အကျိုးခံစားခွင့် ရရှိမည် မဟုတ်ပါ။**
2	Crocodile	Selected items ပစ္စည်းများ (ပိုလိုရှပ်အင်္ကျီများ၊ ရှပ်အင်္ကျီများ၊ ဘောင်းဘီများ) အတွက် ၁၀% လျှော့ဈေးခံစားနိုင်ပါသည်။ အောက်ပါ ပစ္စည်း ၃ မျိုး မပါဝင်ပါ (ခြေအိတ်များ၊ အတွင်းခံများ၊ ခရီးဆောင်အိတ် အဖုံးများ)။	မြန်မာနိုင်ငံတစ်ဝန်းရှိ Crocodile ဆိုင်ခွဲများအားလုံး	

3	Eliza	Complete Facial Treatment အတွက် ၁၀,၀၀၀ ကျပ် လျှော့စျေး ခံစားနိုင်ပါသည်။	ဆိုင်ခွဲ (၁) - အမှတ် ၄၀၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ၀၉-၄၄၄၉၂၆၂၇၆၊ ၀၉-၄၄၄၉၂၆၂၇၅ ဆိုင်ခွဲ (၂) - အမှတ် ၉၇(A)၊ ဝေယန္တာလမ်း၊ သစ္စာလမ်းနှင့် ပါရမီလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ၀၉ ၄၄၇၄၂၀၈၁၁၊ ၀၉ ၄၄၇၄၂၀၈၁၅ ဆိုင်ခွဲ (၃) - အမှတ် ၄၂ (A)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Hotline - ၀၉ ၄၄၁၆၉၆၆၇၂	
4	Everly Design	Selected items ပစ္စည်းများ အတွက် ၅၀% လျှော့စျေး ခံစားနိုင်ပါသည်။	အမှတ် ၂၆၀၊ ဗားဂရာလမ်း၊ ဂမုန်းပွင့်စျေးဝယ်စင်တာရှေ့၊ မြေနီကုန်း၊ စမ်းချောင်း။ ၀၉၂၆၉၁၂၇၀၀၈	
5	Hok Hok Thai Mookata	A La Carte Menu များ ဝယ်ယူစားသုံးသူများအတွက် ၁၀%Discountခံစားနိုင်ပါသည်။	အမှတ် ၈၁၄၊ ရတနာလမ်း၊ သဃ်နိုးကျွန်းမြို့နယ် (PUMA Power ဓာတ်ဆီဆိုင်ရှေ့)၊ ရန်ကုန်။ ဖုန်းနံပါတ် - 09 886 666273 09 954 066660	

6	Joy Detox and Healthy Meal	ဖျော်ရည်အစီအစဉ်များ (Juice Programs) အတွက် ၁၀% လျှော့ဈေး (1) Triple Days Happy Detox (2) 8 Days Renew Slim (3) 5 Days Dinner Replacement (4) 10 Days Dinner Replacement (5) Juicy Journey (6) One Month Dinner Juice နှင့် အစားအစာအစီအစဉ်များ (Meal Box Programs) အတွက် ၁၀% လျှော့ဈေး (1) VIP Deluxe Meal Box (2) Gorgeous 30 (3) Beauty 16 (4) 30 Days Meal Box	ဆိုင်ခွဲ (၁) ရွှေမော်ဂွန် ကွန်ဒို၊ အမှတ် (၁၁၀)၊ သံသုမာလမ်း (၁၄/၃)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ +95976093257, 09765404528 ဆိုင်ခွဲ (၂) ၆၂ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။ +959765404295, +959765687021	
7	Noodle Bowl	ဝယ်ယူစားသုံးသူများအတွက် ၁၀%Discountခံစားနိုင်ပါသည်။ (All Menu Item အားလုံး)	လိပ်စာ - အမှတ် ၄၂(A)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Hotline - 09441696676	

8	Pizzamaru Myanmar	Premium Pizza စီးရီးများ အတွက် ၃,၀၀၀ ကျပ် လျှော့ဈေး။ - Voucher တစ်စောင်လျှင် MPT Club Point နှင့် Redeem လုပ်ခွင့်(တစ်ကြိမ်)သာ အသုံးပြုခွင့်ရရှိပါမည်။ - Premium Pizza Order များအတွက်သာအကျုံးဝင်သည်။ (1) Cheesy Maru Oppa Pizza (2)Chickenlicious Pizza (3) Gangnam Sausage Pizza (4)Maru Ocean Pizza (5)Seoul Ocean Pizza (6)Unnie Crush Pizza (7) Galbi Pork Pizza	Junction City ဈေးဝယ်စင်တာ၊ ပဉ္စမထပ် ၊ အခန်းနံပါတ် (05/002/A)။ 09772555593	
9	The Alley Myanmar	ဝယ်ယူစားသုံးသူများအတွက် ၅၀%Discount ခံစားနိုင်ပါသည်။ (All Menu Item အားလုံး)	ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြန်မာပလာဇာ (Myanmar Plaza) ဈေးဝယ်စင်တာ၊ ၃ ထပ်၊ ဖုန်း -၀၉၇၉၈၈၉၈၈၊	

မှတ်ချက်။ ။ပါဝင်ဆောင်ရွက်သူများသည် ပရိုမိုးရှင်းအစီအစဉ်သက်တမ်းကာလအတွင်း သတ်မှတ်ထားသော MPT Club မိတ်ဖက်ဆိုင်များမှ တစ်ကြိမ်ဝယ်ယူခြင်းအတွက် ထုတ်ပေးသည့်ဘောက်ချာတစ်ခုအတွက်သာ လက်ခံရရှိထားသည့်စာတိုပြေစာတစ်စောင်ကို အသုံးပြုနိုင်မည်ဖြစ်သည်။

၆.၂။ ပါဝင်ဆောင်ရွက်မည့်သူတစ်ဦးအနေဖြင့် ပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင်သော MPT Club မိတ်ဖက်ဆိုင်များမှထောက်ပံ့ပေးသည့် သက်ဆိုင်ရာကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အား အပိုဒ် (၅) ပါ သတ်မှတ်ချက်များနှင့်အညီ လုံလောက်သောပွိုင့်လက်ကျန်ရှိနေသရွေ့ ပရိုမိုးရှင်းအစီအစဉ် သက်တမ်းကာလအတွင်း အကြိမ်ကြိမ်ရယူခံစားနိုင်မည်ဖြစ်သည်။

၆.၃။ ဤပရိုမိုးရှင်းအစီအစဉ်အတွက် ရရှိလာသည့်အကျိုးခံစားခွင့်အား ပွိုင့်ဖြင့် လဲလှယ်ခုနှိမ်ရယူပြီးနောက် (၇) ရက်အတွင်း အသုံးမပြုပါက အလိုအလျောက်သက်တမ်းကုန်ဆုံးသွားမည်ဖြစ်သည်။

၇။ ရရှိသည့်အကျိုးခံစားခွင့်အား အသုံးပြုခြင်း

၇.၁။ အကျိုးခံစားခွင့်များအားလုံးအား ဖော်ပြထားသည့်အတိုင်း ရယူရမည်ဖြစ်ပြီး ဆုအား အသုံးပြုနိုင်ခြင်းမရှိသည့် ပါဝင်လုပ်ဆောင်မည့်သူများအတွက် မည်သည့်နစ်နာကြေးကိုမျှ ပေးချေပေးသွားမည် မဟုတ်ပါ။

၇.၂။ အကျိုးခံစားခွင့်များအားလုံးအား တစ်ခုခုဖြင့် လဲလှယ်ယူ၍မရပါ၊ လွှဲပြောင်းပေး၍မရပါ၊ နောက်လူတစ်ဦးသို့ ထပ်မံလွှဲပြောင်း၍မရပါ၊ အစားပြန်လည်ပေးမည်မဟုတ်ပါ။ ငွေသားဖြင့် လဲလှယ်ပေးသွားမည်မဟုတ်ပါ။

၇.၃။ အပိုဒ် ၆ တွင် ဖော်ပြထားသည့်အရာများမှလွဲ၍ အခြားသောကုန်ကျစရိတ်များ/အခွန်အခများအား ပါဝင်လုပ်ဆောင်မည့်သူများမှ အလုံးစုံကျခံရမည်။

၇.၄။ ဤပရိုမိုးရှင်းနှင့်သက်ဆိုင်သည့် MPT ၏ဆုံးဖြတ်ချက်သည် မည်သည့်အခြေအနေတွင်မဆို နောက်ဆုံးပိတ် အတည်ဖြစ်သည်ဟုယူဆရမည်။ နောက်ထပ်အသနားခံခြင်း၊ စုံစမ်းခြင်း (နှင့်/သို့မဟုတ်) အဆက်အသွယ် လုပ်ခြင်းတို့အား လက်သင့်ခံမည်မဟုတ်ပါ။

၈။ ပါဝင်လုပ်ဆောင်မည့်သူများနှင့်စပ်လျဉ်း၍ အရည်အချင်းပျက်ယွင်းမှု

၈.၁။ MPT အနေဖြင့် ပါဝင်သူတစ်ဦးအား သာမန်မဟုတ်သော (သို့မဟုတ်) သံသယဖြစ်ဖွယ်ရှိသော လုပ်ဆောင်မှုများ အား/နှင့် လုပ်ဆောင်သည် (သို့မဟုတ်) ဆက်စပ်မှုရှိနေသည်ဟု သံသယရှိပါက ကြိုတင် အသိပေးအကြောင်းကြားမရှိဘဲ နှင့်သော်လည်းကောင်း၊ အကြောင်းပြချက်တစ်စုံတစ်ရာပေးခြင်း မရှိဘဲနှင့်သော် လည်းကောင်း အရည်အချင်းပျက်ယွင်း သူအဖြစ် သတ်မှတ်နိုင်သည်။

၈.၂။ MPT အနေဖြင့် MPT Club အဖွဲ့ဝင်တစ်ဦးသည် ဤပရိုမိုးရှင်းအစီအစဉ်ပါ စည်းကမ်းချက်များအား ချိုးဖောက်သည် (နှင့်/သို့မဟုတ်) တလွဲအသုံးချသည်ဟု ကြောင်းကျိုးလျော်ညီစွာ ဆုံးဖြတ်ပါက စာဖြင့်ရေးသား ထားသည့် အသိပေးအကြောင်းကြားစာအားကြိုတင်ပေးပို့၍ အဆိုပါကဲ့သို့ ချိုးဖောက်ခြင်း (သို့မဟုတ်) တလွဲ အသုံးချခြင်းကြောင့် ဖြစ်ပေါ်လာသည့်ထိခိုက်မှုအား လျော့ချနိုင်ရန် အဆိုပါအဖွဲ့ဝင်၏ အကောင့်မှပွိုင့်များအား သင့်တော်သလို နုတ်ယူခြင်း (သို့မဟုတ်) ပေါင်းထည့်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၉။ ဈေးကွက် နှင့် ပရိုမိုးရှင်း

ပရိုမိုးရှင်းအစီအစဉ်တွင် ပါဝင်သူများအနေဖြင့် ပရိုမိုးရှင်း၊ ဈေးကွက်၊ ကြော်ငြာ၊ MPT ၏ ထုတ်ကုန်များ (သို့မဟုတ်) ဝန်ဆောင်မှုများအား အရောင်းမြှင့်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော (သို့မဟုတ်) ပရိုမိုးရှင်းနှင့် သက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အဆိုပါ ပါဝင်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ (ပါဝင်သူတို့၏ ဗွီဒီယိုများ သို့မဟုတ်/နှင့် ဓာတ်ပုံများအပါအဝင်) အား MPT မှ ကောက်ယူခွင့်၊ အသုံးပြုခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဝေမျှခွင့်ပေးခြင်း၊ MPT မှ အသိအမှတ်ပြုထားသည့် ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာတတိယလူပုဂ္ဂိုလ်များအား အဆိုပါအချက်အလက်များကို ထုတ်ဖော်ပြောဆိုခွင့်ပြုရန် သဘောတူညီရမည်။

၁၀။ အာမခံအကာအကွယ်ပေးမှု

လူကြီးမင်းအနေဖြင့် (၁) ဤပရိုမိုးရှင်းအစီအစဉ်အား အသုံးပြုခြင်းနှင့် ဝင်ရောက်ခြင်း (သတင်းအချက်အလက်များ (သို့မဟုတ်) ပေးပို့လွှဲပြောင်းပေးပို့သော (သို့မဟုတ်) လက်ခံရရှိသော အရာများအပါအဝင်)၊ (၂) ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ချိုးဖောက်ခြင်း (ကိုယ်စားပြုခြင်းများနှင့် အာမခံခြင်းများနှင့်စပ်လျဉ်း၍ လူကြီးမင်း၏ ချိုးဖောက်မှုတစ်ရပ်ရပ်အပါအဝင်)၊ (၃) တတိယလူပုဂ္ဂိုလ်တစ်ဦးဦးနှင့်စပ်လျဉ်း၍ ဖောက်ဖျက်ကျူးလွန်ခြင်း (မူဝါဒ ဆိုင်ရာအခွင့်အရေး၊ လူအများနှင့်သက်ဆိုင်သည့် အခွင့်အရေးများ (သို့မဟုတ်) အသိဉာဏ်ဆိုင်ရာ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့်အခွင့်အရေးများအပါအဝင်)၊ (၄) မြန်မာနိုင်ငံ (သို့မဟုတ်) အခြားတိုင်းပြည်တစ်ခုခု၏ ဥပဒေ၊ စည်းမျဉ်း (သို့မဟုတ်) လုပ်ထုံးလုပ်နည်းတစ်ခုခုအား ချိုးဖောက်ခြင်း၊ (၅) ပရိုမိုးရှင်းအစီအစဉ်မှတဆင့် ပေးပို့သော (သို့မဟုတ်) လက်ခံရရှိသော သတင်းအချက်အလက်တစ်ခုခု၏ အကျိုးဆက်မှ ဖြစ်ပေါ်လာသည့် တောင်းဆိုမှု (သို့မဟုတ်) နစ်နာမှုများ၊ သို့မဟုတ် (၆) လူကြီးမင်း၏ (မှတ်ပုံတင်ထားသော (သို့) မှတ်ပုံတင်ထားခြင်းမရှိသော) ဖုန်းနံပါတ်မှတဆင့် ဤပရိုမိုးရှင်းအစီအစဉ်အား အခြားသူတစ်ဦးဦး၏ ဝင်ရောက်အသုံးပြုမှု စသည်တို့မှ ပေါ်ပေါက်လာသော တောင်းဆိုမှုများ၊ နစ်နာမှုများ၊ တာဝန်ရှိမှုများ၊ ဆုံးရှုံးမှုများ၊ တာဝန်ဝတ္တရားများ၊ ကုန်ကျစရိတ်များ (သို့မဟုတ်) ကြွေးမြီများနှင့် အသုံးစရိတ်များ (ရှေ့နေခများ အပါအဝင်) နှင့်စပ်လျဉ်း၍ MPT နှင့် MPT ၏ လက်အောက်ခံများ၊ အကျိုးတူပူးပေါင်း လုပ်ဆောင်သည့်မိတ်ဖက်၊ ကိုယ်စားလှယ်များ၊ မန်နေဂျာများနှင့် အခြားသောအုပ်စုအဖွဲ့ဝင်ကုမ္ပဏီများနှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ကိုယ်စားလှယ်များ၊ အရာရှိများနှင့် ဒါရိုက်တာများအား ထိခိုက်မှုမရှိအောင် အကာအကွယ်ပေးရန် သဘောတူညီရမည်။

၁၁။ အာမခံမှုများနှင့်စပ်လျဉ်း၍ မသက်ဆိုင်ကြောင်းရှင်းလင်းခြင်း နှင့် တာဝန်ရှိမှုအားကန့်သတ်ခြင်း

၁၁.၁။ ဤပရိုမိုးရှင်းအစီအစဉ်နှင့် ဤအစီအစဉ်တွင်ပါဝင်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ်များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသောနည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့်အရာများအား အရှိအတိုင်းနှင့် ရရှိနိုင်သည့်

ပုံစံအတိုင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ MPT အနေဖြင့် ပရိုမိုးရှင်းဆောင်ရွက်ခြင်း (သို့မဟုတ်) သတင်းအချက်အလက်များ (သတင်း အချက်အလက်များ၏ တိကျသေချာမှု၊ ပါဝင်သည့်အရာ၊ အကြောင်းအရာ၊ ထုတ်ကုန်များ (ဆော့ဝဲများအပါအဝင်) (သို့မဟုတ်) ပရိုမိုးရှင်းအစီအစဉ်မှတဆင့် လူကြီးမင်းအား ရရှိနိုင်အောင် ပြုလုပ်ပေးထားသည့် အရာများနှင့်စပ်လျဉ်း၍ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သို့သော ကိုယ်စားပြုခြင်း (သို့မဟုတ်) အာမခံခြင်းမျိုးမျှ ပြုလုပ်မည်မဟုတ်ပါ။ လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်း အစီအစဉ်အား အသုံးပြုခြင်းသည် လူကြီးမင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သုံးခြင်းဖြစ်ကြောင်း အတိအလင်း သဘောတူညီထားပြီးဖြစ်ပါသည်။

၁၁.၂။ ပရိုမိုးရှင်းအစီအစဉ်အား အသုံးပြုခြင်း၊ (သို့မဟုတ်) ဤအစီအစဉ်တွင်ပါဝင်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ်များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသောနည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့်အရာများ (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ဆိုင်၍ဖြစ်စေ၊ ပြစ်ဒဏ်ပေးခြင်းကြောင့်ဖြစ်စေ၊ အကျိုးဆက်တစ်ခုခုကြောင့်ဖြစ်စေ ရရှိသည့် နစ်နာမှုများအပါအဝင်) မှပေါ်ပေါက်လာသည့် နစ်နာမှုများအားလုံးအတွက် MPT အနေဖြင့် တာဝန်ရှိမည်မဟုတ်ပါ။

၁၁.၃။ ပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင်ခြင်းအားဖြင့် ပရိုမိုးရှင်းနှင့်စပ်လျဉ်း၍ တိုက်ရိုက် (သို့မဟုတ်) အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ နစ်နာမှုများ (သို့မဟုတ်) တာဝန်ရှိမှုများနှင့် နောက်ဆက်တွဲကိစ္စရပ်များကြောင့် ပေါ်ပေါက်လာသည့် တောင်းဆိုမှုများ၊ လိုအပ်ချက်များ၊ အခွင့်အရေးများ၊ အခြားသော သဘောသဘာဝအရဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် MPT အား အဆိုပါကဲ့သို့ဖြစ်နိုင်ချေရှိသည်များအား အကြံပြုခဲ့ ခြင်းရှိခဲ့လျှင်သော်တောင်မှ (ဆုအားအသုံးပြုခြင်းမှပေါ်ပေါက်လာသော သို့မဟုတ် ဆုအားအသုံးပြုခြင်းနှင့်သက်ဆိုင်သည့် ပါဝင်ဆောင်ရွက်နေစဉ်အတွင်း လူတစ်ဦးတစ်ယောက်အား ထိခိုက်မှု (သို့မဟုတ်) ပစ္စည်းတစ်ခုခုပေါ်တွင် ဖြစ်ပေါ်စေသည့်ထိခိုက်နစ်နာမှုတို့အပါအဝင်) တာဝန်ရှိမှုမှကင်းလွတ်ခွင့်ပြုပြီး အာမခံပေးလျော်မည်ဖြစ်ကြောင်း လူကြီးမင်းမှ သဘောတူညီပါသည်။

၁၁.၄။ သက်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် အဆုံးစွန်ဆုံးအတိုင်းအတာအထိ အတိအလင်း (သို့မဟုတ်) သွယ်ဝိုက်၍ ဖြစ်သောအာမခံမှုများအားလုံး (သီးခြားရည်ရွယ်ချက်တစ်ခုအတွက် ကုန်သွယ်နိုင်မှု၊ ကြံ့ခိုင်မှုတို့နှင့် စပ်လျဉ်းသည့် တိုက်ရိုက်မဟုတ်သည့် အာမခံမှုများအပါအဝင်) တို့သည် MPT နှင့်သက်ဆိုင်ခြင်းမရှိကြောင်း ငြင်းဆိုပါသည်။

၁၁.၅။ ဤအစီအစဉ်တွင်ပါဝင်သည့် အရောင်းမြှင့်တင်မှုများ၊ သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ် များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသော နည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင် ပြုလုပ်ပေးထားသည့်အရာများ၊ MPT ၏ ဆာဗာများ (သို့မဟုတ်) MPT မှ ပေးပို့သည့် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများအားလုံးတို့သည် ဗိုင်းရပ်စ်များကင်းဝေးပါသည် (သို့မဟုတ်) အန္တရာယ်ဖြစ်စေနိုင်သောအရာများပါဝင်ခြင်းမရှိပါဟု MPT မှ အာမခံမည်မဟုတ်ပါ။

၁၂။ တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှု

ဤပရိုမိုးရှင်းအစီအစဉ်တွင် တတိယလူပုဂ္ဂိုလ်တို့ထံမှရရှိသော (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့မှ ထောက်ပံ့ပေးသည့် အကြောင်းအရာများ ("**တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများ**") စုပေါင်းပါဝင်နိုင်ပါသည်။ ထို့ကြောင့် အဆိုပါတတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများ (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများနှင့်ဆက်စပ်နေသည့် လင့်ခ်ချထားသော ဝက်ဘ်ဆိုက်များနှင့်စပ်လျဉ်း၍ MPT ၌ တာဝန်ရှိမည်မဟုတ်ပါ။ တတိယလူပုဂ္ဂိုလ် တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ထုတ်ကုန်များ (သို့မဟုတ်) ဝန်ဆောင်မှုများအား MPT မှ တဆင့်ထောက်ခံချက်ပေးခြင်း၊ အာမခံပေးခြင်း (သို့မဟုတ်) အကြံပြုထောက်ခံချက်ပေးခြင်းဖြစ်သည်ဟု မှတ်ယူခြင်း (သို့မဟုတ်) အဓိပ္ပာယ်သက်ရောက်စေခြင်းမရှိစေရ။

၁၃။ အထွေထွေ

၁၃.၁။ တတိယလူပုဂ္ဂိုလ်တို့နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များသည် ရရှိမည့်ဆုများပေါ်၌ သင့်လျော်သလို သက်ဆိုင်မှုရှိစေရမည်။

၁၃.၂။ ဤစည်းကမ်းချက်များသည် https://mpt.com.mm/mm/mpt-club-mm/ တွင် တွေ့ရှိနိုင်သည့် MPT Club ၏ အထူးသီးသန့်စည်းကမ်းသတ်မှတ်ချက်များ ("**MPT Club STC**") နှင့် https://mpt.com.mm/mm/about-home-mm/terms-and-conditions-mm/ တွင် တွေ့ရှိနိုင်သည့် MPT ၏ နောက်ဆုံး ပြဋ္ဌာန်းထားသည့် အထွေထွေစည်းကမ်းသတ်မှတ်ချက်များ ("**GTC**") နှင့်အညီဖြစ်ရမည်။ ဤစည်းကမ်းချက်များ၊ MPT Club STC နှင့် GTC တို့အကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက အငြင်းပွားကွဲလွဲမှုအား အောက်ပါအစီအစဉ်အတိုင်း ဖြေရှင်းဆောင်ရွက်ရမည်။ (၁) ဤစည်းကမ်းချက်များ၊ (၂) MPT Club STC ၊ (၃) GTC ။

၁၃.၃။ ဤစည်းကမ်းချက်များသည် မြန်မာနိုင်ငံ၏ဥပဒေများ၊ တရားရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း တစ်ခုခုမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ (သို့မဟုတ်) အမိန့်များ နှင့်အညီဖြစ်ရမည်။

၁၃.၄။ စည်းကမ်းချက်၊ သဘောတူညီမှု (သို့မဟုတ်) ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တရားရုံးတစ်ရုံးရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ဥပဒေပြဋ္ဌာန်ချက်တစ်ရပ်ရပ်အရ တရားမဝင်ဖြစ်ခြင်း၊ အကျုံးဝင်သက်ဆိုင်မှုမရှိတော့ခြင်း (သို့မဟုတ်) အကောင်အထည် ဖော်ဆောင်၍မရနိုင်တော့ခြင်းဖြစ်လာခဲ့ပါက ဤစည်းကမ်းချက်များပါ ကျန်ရှိသည့်ပြဋ္ဌာန်းချက် (သို့မဟုတ်) လူတစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သည့် အဆိုပါ စည်းကမ်းချက်၊ သဘောတူညီမှု (သို့မဟုတ်) ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အသုံးချမှု (အကျုံးဝင်သက်ဆိုင် တော့ခြင်းမရှိသည့် သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် သူများအပေါ်တွင်မှတပါး) အား ထိခိုက်မှုမရှိစေရ။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ခုစီတိုင်းသည် ဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် အဆုံးစွန်ဆုံးအတိုင်းအတာအထိ အကျုံးဝင်သက်ဆိုင်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

၁၃.၅။ ဤစည်းကမ်းချက်များ၏ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာပြန်ဆိုမှုတို့အကြား ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာရှိပါက မြန်မာဘာသာပြန်ဆိုမှုများကသာလျှင် လွှမ်းမိုးအတည်ဖြစ်စေရမည်။